# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး
# (၂၀) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၅ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်
## (၂၀၁၄ ခုနှစ်၊ မတ်လ ၄ ရက်)
## (အင်္ဂါနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦးရှိတဲ့အနက် ၃၁၈ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၅.၃၆ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၄-၃-၂၀၁၄ ရက်နေ့မှာ ကျင်းပပြုလုပ်တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ တက်ရောက်မယ့် ကိုယ်စားလှယ်များအနက်မှ ခွင့်ပန်ကြားသူများရဲ့အခြေအနေကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအား တင်ပြခွင့်ပြုပါရန် ဦးစွာတင်ပြပန်ကြားအပ်ပါတယ်ခင်ဗျား။ ယနေ့ကျင်းပတဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ ၄၂၂ ဦးအနက် တက်ရောက်သည့်ဦးရေ ၃၁၈ ဦးရှိပြီး ခွင့်ပန်ကြားသူစုစုပေါင်း ၁၀၄ ဦးရှိပါတယ်။ ခွင့်ပန်ကြားသူများအနက် ၁၂ ဦးကတော့ ယမန်နေ့က ကြိုတင်ပန်ကြားထားသူများဖြစ်ပြီး ယနေ့ခွင့်ပန်ကြားသူ ၉၂ ဦး ရှိပါတယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် အစည်းအဝေးပြီးဆုံးသည့်အထိ၊

(၂) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ့ အစည်းအဝေးပြီးဆုံးသည့်အထိ၊

(၃) မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း(ခ)ဦးအင်ထုဖုန်ဆန်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၄) ဒေးဒရဲမဲဆန္ဒနယ်မှ ဦးတင်ဝင်း အစည်းအဝေးပြီးဆုံးသည်အထိ၊

(၅) ဖရူဆိုမဲဆန္ဒနယ်မှ ဦးဦးရယ်(ခ)ဦးအူးရယ် ခွင့် ၄ ရက်၊

(၆) ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း ခွင့် ၄ ရက်၊

(၇) နန်းယွန်းမဲဆန္ဒနယ်မှ ဦးဇင်းဝမ် ခွင့် ၄ ရက်၊

(၈) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး ခွင့် ၄ ရက်၊

(၉) လဟယ်မဲဆန္ဒနယ်မှ ဦးဆားမူ ခွင့် ၄ ရက်၊

(၁၀) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး ခွင့် ၄ ရက်၊

(၁၁) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး ခွင့် ၄ ရက်၊

(၁၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွန်းဦး ခွင့် ၄ ရက်၊

(၁၃) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင် ခွင့် ၄ ရက်၊

(၁၄) ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်း ခွင့် ၄ ရက်၊

(၁၅) ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့် ခွင့် ၄ ရက်၊

(၁၆) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို ခွင့် ၄ ရက်၊

(၁၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး ခွင့် ၄ ရက်၊

(၁၈) သထုံမဲဆန္ဒနယ်မှ ဦးစောဘသိန်း ခွင့် ၄ ရက်၊

(၁၉) တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါက်တာစံလှိုင် ခွင့် ၄ ရက်၊

(၂၀) ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက် ခွင့် ၄ ရက်၊

(၂၁) မာန်အောင်မဲဆန္ဒနယ်မှ ဦးအောင်စိန် ခွင့် ၄ ရက်၊

(၂၂) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန် ခွင့် ၄ ရက်၊

(၂၃) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် ခွင့် ၄ ရက်၊

(၂၄) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၄ ရက်၊

(၂၅) ရန်ကင်းမဲဆန္ဒနယ်မှ ဦးသာဝင်း ခွင့် ၄ ရက်၊

(၂၆) နမ္မတူမဲဆန္ဒနယ်မှ ဦးစိုင်းအောင်လှ ခွင့် ၄ ရက်၊

(၂၇) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၄ ရက်၊

(၂၈) လဲချားမဲဆန္ဒနယ်မှ  ဦးစိုင်းမောင်တင် ခွင့် ၄ ရက်၊

(၂၉) ညောင်တုန်းမဲဆန္ဒနယ်မှ ဦးအောင်မြသန်း ခွင့် ၄ ရက်၊

(၃၀) လပွတ္တာမဲဆန္ဒနယ်မှ ဦးဇော်ထွန်း ခွင့် ၄ ရက်၊

(၃၁) ဝါးခယ်မမဲဆန္ဒနယ်မှ ဒေါ်မြင့်မြင့်စန်း ခွင့် ၄ ရက်၊

(၃၂) သာပေါင်းမဲဆန္ဒနယ်မှ ဦးဝင်းသန်း ခွင့် ၄ ရက်၊

(၃၃) ခင်ဦးမဲဆန္ဒနယ်မှ ဦးခင်မောင်ရွှေ ခွင့် ၂ ရက်၊

(၃၄) မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ခွင့် ၂ ရက်၊

(၃၅) ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန် ခွင့် ၂ ရက်၊

(၃၆) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး ခွင့် ၂ ရက်၊

(၃၇) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း ခွင့် ၂ ရက်၊

(၃၈) အောင်လံမဲဆန္ဒနယ်မှ  ဦးကိုကိုထွန်း ခွင့် ၂ ရက်၊

(၃၉) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း ခွင့် ၂ ရက်၊

(၄၀) သာကေတမဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး ခွင့် ၂ ရက်၊

(၄၁) နမ့်စန်မဲဆန္ဒနယ်မှ ဦးငွေးလွင်(ခ)ဦးဒီလုံး ခွင့် ၂ ရက်၊

(၄၂) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည် ခွင့် ၂ ရက်၊

(၄၃) ကန်ကြီးထောင့်မဲဆန္ဒနယ်မှ ဦးကျော်ဝင်း ခွင့် ၂ ရက်၊

(၄၄) ဒီမောဆိုမဲဆန္ဒနယ်မှ ဦးစိုးရယ် ခွင့် ၁ ရက်၊

(၄၅) မယ်စဲ့မဲဆန္ဒနယ်မှ ဦးကျော်ခိုင်ဝင်း ခွင့် ၁ ရက်၊

(၄၆) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ငွေး ခွင့် ၁ ရက်၊

(၄၇) ညောင်ဦးမဲဆန္ဒနယ်မှ ဦးအောင်ကြိုင် ခွင့် ၁ ရက်၊

(၄၈) ချီဖွေမဲဆန္ဒနယ်မှ  ဦးဇုံးတိန့် အစည်းအဝေးပြီးဆုံးသည်အထိ၊

(၄၉) ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်း ခွင့် ၄ ရက်၊

(၅၀) ဂွမဲဆန္ဒနယ်မှ ဦးညီလေး(ခ)ဦးကြည်သာ ခွင့် ၁ ရက်၊

(၅၁) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၁ ရက်၊

(၅၂) အိမ်မဲမဲဆန္ဒနယ်မှ ဦးစောဂျိမ်း ခွင့် ၁ ရက်၊

(၅၃) ဟသ်ာတမဲဆန္ဒနယ်မှ ဦးငွေးဦး ခွင့် ၄ ရက်၊

(၅၄) နမ့်ဆန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဆွေ ခွင့် ၁ ရက်၊

(၅၅) ထီးချိုင့်မဲဆန္ဒနယ်မှ ဦးစိုးစိုး ခွင့် ၁ ရက်၊

(၅၆) သံတောင်ကြီးမဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး ခွင့် ၁ ရက်၊

(၅၇) ဖာပွန်မဲဆန္ဒနယ်မှ ဦးစိုင်းသန်းနိုင် ခွင့် ၁ ရက်၊

(၅၈) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွန်းခေါင်လွင် ခွင့် ၁ ရက်၊

(၅၉) မြဝတီမဲဆန္ဒနယ်မှ ဦးသန်းဦး ခွင့် ၁ ရက်၊

(၆၀) ဝမ်းတွင်းမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၁ ရက်၊

(၆၁) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၂ ရက်၊

(၆၂) လောက်ကိုင်မဲဆန္ဒနယ်မှ ဦးကျော်နီနိုင် ခွင့် ၁ ရက်၊

(၆၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးလွန်းသီ ခွင့် ၄ ရက်၊

(၆၄) သပိတ်ကျင်းမဲဆန္ဒနယ်မှ ဦးခင်မောင်ညွန့် ခွင့် ၄ ရက်၊

(၆၅) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ ခွင့် ၁ ရက်၊

(၆၆) ကလေးမဲဆန္ဒနယ်မှ ဦးတင်လှိုင် ခွင့် ၁ ရက်၊

(၆၇) တီးတိန်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင် ခွင့် ၁ ရက်၊

(၆၈) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင် ခွင့် ၄ ရက်၊

(၆၉) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင် ခွင့် ၁ ရက်၊

(၇၀) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို ခွင့် ၁ ရက်၊

(၇၁) မိုးညှိုမဲဆန္ဒနယ်မှ ဦးနန်းဦး ခွင့် ၂ ရက်၊

(၇၂) ကော့သောင်းမဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၄ ရက်၊

(၇၃) မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးအုန်းကြိုင် ခွင့် ၁ ရက်၊

(၇၄) ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးမင်းသူ ခွင့် ၁ ရက်၊

(၇၅) မြောက်ဦးမဲဆန္ဒနယ်မှ ဦးအောင်ထွန်းသာ ခွင့် ၁ ရက်၊

(၇၆) အုတ်ဖိုမဲဆန္ဒနယ်မှ ဦးတင်ထွေး ခွင့် ၂ ရက်၊

(၇၇) မိုးညှင်းမဲဆန္ဒနယ်မှ ဦးကျော်စိုးလေး ခွင့် ၄ ရက်၊

(၇၈) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင် ခွင့် ၄ ရက်၊

(၇၉) ကသာမဲဆန္ဒနယ်မှ ဦးမိုးဇော်ဟိန်း ခွင့် ၁ ရက်၊

(၈၀) ဝန်းသိုမဲဆန္ဒနယ်မှ ဦးစိုးပိုင် ခွင့် ၄ ရက်၊

(၈၁) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန် ခွင့် ၁ ရက်၊

(၈၂) ပုလောမဲဆန္ဒနယ်မှ ဦးမောင်လှ ခွင့် ၁ ရက်၊

(၈၃) ကြို့ပင်ကောက်မဲဆန္ဒနယ်မှ ဦးသန့်ဇင် ခွင့် ၂ ရက်၊

(၈၄) ဇီးကုန်းမဲဆန္ဒနယ်မှ ဦးခင်မောင်မြင့် ခွင့် ၁ ရက်၊

(၈၅) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအောင်မြင့်သိန်း ခွင့် ၄ ရက်၊

(၈၆) မြစ်သားမဲဆန္ဒနယ်မှ ဦးကြည်မောင် ခွင့် ၁ ရက်၊

(၈၇) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည် ခွင့် ၄ ရက်၊

(၈၈) သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း ခွင့် ၂ ရက်၊

(၈၉) မော်လမြိုင်ကျွန်းမဲဆန္ဒနယ်မှ ဦးကိုကိုလွင် ခွင့် ၃ ရက်၊

(၉၀) ဘိုကလေးမဲဆန္ဒနယ်မှ ဦးမြသိန်း ခွင့် ၂ ရက်၊

(၉၁) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင် ခွင့် ၄ ရက်နှင့်

(၉၂) ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် ခွင့် ၁ ရက်တို့ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယနေ့ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကိုခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၂ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၉၂ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၀၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်တွင် အဖွဲ့ဝင်များအဖြစ်မှ နုတ်ထွက်ကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ကဖွဲ့စည်းထားသော ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်သော ဒေါက်တာတိုက်စံ၊ ပါမောက္ခ(ငြိမ်း)၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ ဦးနေဝင်း၊ သံအမတ်ကြီး (ငြိမ်း)၊ ဒေါ်မြတ်မြတ်စိုး၊ ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ဦးတင်မောင်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနတို့အား ကော်မရှင်အဖွဲ့ဝင်များအဖြစ်မှ နုတ်ထွက်ခွင့်ပြုကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်ခင်ဗျား။

**မြင်းမူမြို့ဆိပ်ကမ်းအား အဆင့်မီဆိပ်ကမ်းကောင်းတစ်ခု တည်ဆောက်ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးစွာ မြင်းမူမဲဆန္ဒနယ်မှ ဦးဇော်ဝင်းအောင် ကိုယ်စား ကျွန်းလှမဲဆန္ဒနယ်မှ ဦးကျော်ညွန့် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်ညွန့်(ကျွန်းလှမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကျွန်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ညွန့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့

မြင်းမူမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်ရဲ့ကိုယ်စား ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းတင်ပြခွင့်ပြုပါရန် လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့ ဧရာဝတီဆိပ်ကမ်းဟာ အထက်မြန်မာနိုင်ငံနဲ့ အောက်မြန်မာနိုင်ငံများသို့ အစုန်၊ အဆန်ပြေးဆွဲနေကြသော ခရီးသည်နှင့်ကုန်စည်တင်ရေယာဉ်၊ သင်္ဘောအမျိုးမျိုးဝင်/ထွက် ဆိုက်ကပ်ကြတဲ့ ဆိပ်ကမ်းမြို့တစ်မြို့ ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မန္တလေးမြို့ ဧရာဝတီဌာနခွဲ လက်အောက်ရှိ မြင်းမူမြို့ ဧရာဝတီဆိပ်ကမ်းမှာ ဆိပ်ခံတွဲ (ဘ/၈၀၀၄) ထားရှိဆောင်ရွက်ခဲ့သော်လည်း ၁၉၉၀ ပြည့်နှစ် ဇူလိုင်လနောက်ဆုံးအပတ်မှာ ဆိပ်ခံတွဲကျင်းပပြုလုပ်ဖို့ လိုအပ်တဲ့အတွက် ဆင်ဟိုင်းသင်္ဘောယာဉ် ၅ ဖြင့်တွဲပြီး မန္တလေးမြို့ ဧရာဝတီဌာနခွဲ ရတနာပုံသင်္ဘောကျင်းကို ယူဆောင်သွားတဲ့အတွက် မြင်းမူမြို့ ဧရာဝတီဆိပ်ကမ်းမှာ ဆိပ်ခံတွဲမရှိတော့သည်မှာ ယနေ့အချိန်ထိ နှစ်ပေါင်း ၂၀ တိတိ ကြာမြင့်ခဲ့ပြီဖြစ်ပါတယ်။ တချို့နှစ်တွေမှာ မြင်းမူမြို့အထက် နှစ်မိုင်ခန့်ကွာဝေးတဲ့ ဝါရှင်တန်ရေကြောင်း ရေနည်းချိန်ကာလများမှာ မန္တလေး-ပုဂံ ပြေးဆွဲလျက်ရှိတဲ့ Route to Mandalay ရေယာဉ်များနှင့် နိုင်ငံခြားသားခရီးသွားများလိုက်ပါတဲ့ ရေယာဉ်များ၊ အစုန်၊ အဆန် မပြေးဆွဲနိုင်တဲ့အတွက် မြင်းမူဆိပ်ကမ်းအနီး ဧရာဝတီမြစ်ရေယာဉ်မှာ ကျောက်ချရပ်နားပြီးတော့ နိုင်ငံခြားသားခရီးသည်များကို မြင်းမူဆိပ်ကမ်းကနေ မော်တော်ဘုတ်ငယ်များနဲ့ ကြို/ပို့သယ်ယူပို့ဆောင်ပေးပြီး မြင်းမူမြို့ကတစ်ဆင့် နိုင်ငံခြားသားခရီးသွားများကို လိုအပ်တဲ့နေရာများကို မော်တော်ယာဉ်များနှင့်တစ်ဆင့် သယ်ယူပို့ဆောင်ပေးလျက်ရှိကြပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့ ဆိပ်ကမ်းဟာ နိုင်ငံခြားခရီးသည်များ၊ ပြည်တွင်းခရီးသည်များနှင့် ကုန်စည်မျိုးစုံသယ်ယူပို့ဆောင်ပေးသောရေယာဉ်အမျိုးမျိုး၊ သင်္ဘောများ ဝင်/ထွက်ဆိုက်ကပ်တဲ့ အထက်မြန်မာနိုင်ငံရဲ့ အဓိကဆိပ်ကမ်းကောင်းတစ်ခုဖြစ်တဲ့အတွက် မြင်းမူမြို့ဆိပ်ကမ်းအား အဆင့်မီဆိပ်ကမ်းကောင်းတစ်ခုတည်ဆောက်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ဖြေကြားပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးဇော်ဝင်းအောင်၊ မြင်းမူမဲဆန္ဒနယ်ကိုယ်စား ဦးကျော်ညွန့်၊ ကျွန်းလှမဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သရင်း ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ် ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဝင်းအောင်မှ မေးမြန်းထားတဲ့မေးခွန်းကို ကျွန်တော် ဒုတိယဝန်ကြီး ဦးဇင်ယော်၊ ပို့ဆောင်ရေးဝန်ကြီးဌာနက ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဧရာဝတီဌာနခွဲဟာ ယခင်မြင်းမူဆိပ်ကမ်းတွင် (ဘ/၈၀၀၄) ဆိပ်ခံတွဲထားရှိခဲ့သော်လည်း ၁၉၉၈ ခုနှစ်တွင် ဆိပ်ခံတွဲချို့ယွင်းပျက်စီး၍ ဆက်လက်အသုံးပြုရန် မသင့်တော့တဲ့အတွက် ဖျက်သိမ်းခဲ့ရပါတယ်။ ဧရာဝတီဌာနခွဲအနေဖြင့် မန္တလေး-ညောင်ဦးခရီးလမ်းဟာ T အမျိုးအစားရေယာဉ်နှစ်ထပ်သင်္ဘောဖြစ်ပါတယ်။ ၎င်းနှစ်ထပ်သင်္ဘောဖြင့် တစ်ပတ်နှစ်ခေါက်ပြေးဆွဲပြီး မြင်းမူဆိပ်ကမ်းကို အသွားအပြန် ဝင်ရောက်ဆိုက်ကပ်လျက်ရှိပါတယ်။ ဧရာဝတီဌာနခွဲမှ ငှားရမ်းထားသည့် မန္တလေး-ပုဂံခရီးလမ်းသွား ရွှေကိန္နရီရေယာဉ်များဟာလည်း နေ့စဉ်ပြေးဆွဲပြီး ဝင်/ထွက်ဆိုက်ကပ်လျက်ရှိပါတယ်။ ခရီးသည် အတက်/အဆင်းမှာ ၂၀ ဦးမှ ၂၅ ဦးအတွင်းဖြစ်ပြီး ကုန်တင်/ချမှာလည်း နှစ်တန်မှ သုံးတန်ခန့်သာ ရှိပါတယ်။ ဧရာဝတီဌာနခွဲမှာရှိတဲ့ ရေယာဉ်များအနေနဲ့ကတော့ ကမ်းထိုးပြီး အန္တရာယ်ကင်းစွာ ဝင်/ထွက်ဆိုက်ကပ်လျက်ရှိပါတယ်။ မြင်းမူမြို့ဟာ ယခင်က ဆိပ်ခံတွဲထားရှိခဲ့သော်လည်း လက်ရှိ အခြေအနေတွင် ဆိပ်ကမ်းသုံးစွဲမှုအတိုင်းအတာအရ မြင်းမူဆိပ်ကမ်းအား အဆင့်မီဆိပ်ကမ်းကောင်း တစ်ခုတည်ဆောက်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသတွင်းနေ ရေယာဉ်ပိုင်ရှင်များအားလုံး ရေယာဉ်သက်တမ်း တိုးမြှင့်ပေးခြင်း၊ ရေယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သတ်မှတ်ပေးခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များ တပ်ဆင်ပေးခြင်း၊ ဥပဒေများ ညီညွတ်မျှတစွာ ထုတ်ပြန်ပေးခြင်းတို့ကိုဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးဝင်းဆွေ၊ ညောင်ရွှေမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးဝင်းဆွေ(ညောင်ရွှေမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ရွှေဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အင်းလေးဒေသ ညောင်ရွှေမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ညောင်ရွှေမြို့နယ် အင်းလေးဒေသ၊ အင်းလေးကန်အတွင်းတွင် နိုင်ငံခြားကမ္ဘာလှည့်ခရီးသွားများ ပေါများလာခြင်း၊ ဒေသထွက်ကုန်သီးနှံများ တင်ပို့ရောင်းချခြင်း၊ ဈေးသွားဈေးပြန် မိမိတို့သွားရေးလာရေးအတွက် အသုံးပြုခြင်းများကြောင့် ယခုအခါစက်တပ်မော်တော်ယာဉ်များကို တီထွင်အသုံးပြုလျက်ရှိကြပါတယ်။ ထိုသို့ အသုံးပြုလျက်ရှိရာ ဌာနဆိုင်ရာများက တစ်နှစ်တစ်ကြိမ် လာရောက်သော မော်တော်ယာဉ်များကို လုပ်ငန်းသုံး၊ အိမ်သုံး ရေယာဉ်မှတ်ပုံတင် ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသအတွင်းနေ ပြည်သူအချို့မှာ လိုင်စင်ပြုလုပ်ထားခြင်းမရှိဘဲ အချို့မှာနှစ်စဉ် အခွန်ဆောင်နေရခြင်းများ ရှိနေပါသည်။ ထို့ကြောင့် ဒေသအတွင်းရှိ ရေယာဉ်ပိုင်ရှင်များအားလုံး နစ်နာမှုမရှိအောင် နှစ်နှစ်တန်သည်၊ သုံးနှစ်တန်သည် ရေယာဉ်သက်တမ်းတိုးမြှင့်ပေးခြင်း၊ ရေယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသတ်မှတ်ပေးခြင်း၊ လမ်းညွှန်ဆိုင်းဘုတ်များတပ်ဆင်ပေးခြင်း၊ ဥပဒေများ ညီညွတ်စွာထုတ်ပြန်ပေးခြင်းတို့ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိသိလိုပါကြောင်း ဒေသနေပြည်သူများကိုယ်စား ပြည်သူလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးဇင်ယော်(ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရှမ်းပြည်နယ်၊ ညောင်ရွှေမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းဆွေ၏ မေးခွန်းကို ကျွန်တော် ဒုတိယဝန်ကြီး ဦးဇင်ယော် ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားမှာ ဖြစ်ပါတယ်။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနဟာ ၈-၂-၁၉၈၉ ရက်နေ့တွင် ကျင်းပခဲ့သော အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၅/၈၉)၏ဆုံးဖြတ်ချက်အရ စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များအား စစ်ဆေးမှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့် လုပ်ပိုင်ခွင့်ကို မြို့နယ်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရှိ မြို့နယ်အထွေ

ထွေ အုပ်ချုပ်ရေးဦးစီးဌာနအား အပ်နှင်းရန်သဘောတူခဲ့ပြီး၊ စက်တပ်ရေယာဉ်ငယ်များအား စစ်ဆေး၍ မှတ်ပုံတင်ခြင်းနှင့်ပတ်သက်သည့် ညွှန်ကြားချက်ကို ပူးတွဲပေးပို့လျက် ညွှန်ကြားချက်ပါ အချက်အလက်များနှင့်အညီ ဆောင်ရွက်ရန် အကြောင်းကြားစာကို ၁၀-၃-၁၉၈၉ ရက်စွဲပါစာအမှတ် အခရ/ND-ED/၉၃၀ ဖြင့် ထုတ်ပြန်ခဲ့ပါတယ်။

အထက်ဖော်ပြပါ စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များ စစ်ဆေးမှတ်ပုံတင်ခြင်းနှင့် ပတ်သက်သော ညွှန်ကြားချက်တွင် မြို့နယ်စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်း၊ မှတ်ပုံတင်ရန်လျှောက်ထားခြင်း၊ စစ်ဆေးခြင်းတို့နှင့် ပတ်သက်၍ အသေးစိတ်ဖော်ပြထားပြီး စစ်ဆေးမှတ်ပုံတင်ခြင်းအတွက် ကောက်ခံရမည့်နှုန်းထားများ၊ အာမခံကြေးနှုန်းထားများ၊ စက်တပ်ရေယာဉ်ငယ်များကနဦးမှတ်ပုံတင်ခြင်းနှင့် နှစ်ပတ်လည်စစ်ဆေးခံရန် လျှောက်လွှာပုံစံ၊ စက်တပ်ရေယာဉ်ငယ်များမှတ်ပုံတင်ရန် စစ်ဆေးချက်မှတ်တမ်း၊ စက်တပ်ရေယာဉ်ငယ် မှတ်ပုံတင်လက်မှတ်နှင့် မောင်းနှင်ခွင့်ယာယီပါမစ်ပုံစံများကို သတ်မှတ်ပေးထားပါတယ်။

ထို့အပြင် စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များအား စစ်ဆေးခြင်း၊ အရေးယူခြင်းဆိုင်ရာစည်းကမ်းသတ်မှတ်ချက်များကို ၂၂-၈-၂၀၀၂ ရက်စွဲပါစာအမှတ်၊ ရညန/စမ/၁၁၃၀/၀၂/၄၁၇၈ ဖြင့် ထုတ်ပြန်ခဲ့ပြီး စစ်ဆေးမှတ်ပုံတင်ခြင်းအတွက် ကောက်ခံရန်နှုန်းထားများပြောင်းလဲသတ်မှတ်ခြင်းနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအတွက် ဝန်ဆောင်ခကိုပါသတ်မှတ်ပေးခဲ့ပါတယ်။

ထို့အတူ ၁-၁၁-၂၀၀၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပို့ဆောင်ရေးဝန်ကြီးဌာန အလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၄/၂၀၀၈)မှ သဘောတူဆုံးဖြတ်ချက်အရ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ဝန်ဆောင်မှုများအတွက် ဝန်ဆောင်ခနှုန်းထားများကို ၂၄-၁၁-၂၀၀၈ ရက်စွဲပါ ရုံးတွင်းအမိန့်စာအမှတ် (၁၀၅/၂၀၀၈)ဖြင့် ပြောင်းလဲပြင်ဆင်သတ်မှတ်ကောက်ခံရန် ညွှန်ကြားချက်ထုတ်ပြန်ခဲ့ရာ စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များအတွက် ကောက်ခံရန်နှုန်းထားများကို အောက်ပါအတိုင်း သတ်မှတ်ပေးခဲ့ပါတယ်။ တန်ချိန် ၁၀ တန်အောက်မှတ်ပုံတင်ခ မူလနှုန်းထား ၂၂၅ ကျပ်၊ ပြောင်းလဲသည့်နှုန်းထား ၁၀၀၀ ကျပ်၊ စစ်ဆေးခ မူလနှုန်းထား ၁၄၀ ကျပ်၊ ပြောင်းလဲသည့်နှုန်းထား ၁၀၀၀ ကျပ်၊ ဝန်ဆောင်ခ မူလနှုန်းထား ၁၀၀ ကျပ် ပြောင်းလဲသည့်နှုန်းထား ၂၀၀ ကျပ် ဖြစ်ပါတယ်။ ၁၀ တန်မှ ၂၀ တန် ရေယာဉ်များအတွက် မှတ်ပုံတင်ခ မူလ ၂၂၅ ကျပ်မှ ပြောင်းလဲသည့်နှုန်းထား ၁၀၀၀ ကျပ်၊ စစ်ဆေးခ မူလ၂၈၀ ကျပ်မှ

ပြောင်းလဲသည့်နှုန်းထား ၂၀၀၀ ကျပ်၊ ဝန်ဆောင်ခ မူလ ၂၀၀ ကျပ်မှ ပြောင်းလဲသည့်နှုန်းထား ၄၀၀ ကျပ်ဖြစ်ပါတယ်။

အဆိုပါ စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များဟာ ရေယာဉ်သစ်ဖြစ်ပါက ကနဦးမှတ်ပုံတင်ခြင်းကို ဆောင်ရွက်ရန်လိုအပ်ပြီး ကနဦးမှတ်ပုံတင်ပြီးသောရေယာဉ်များအနေဖြင့် နှစ်ပတ်လည်စစ်ဆေးခံပြီး သက်တမ်းတိုးဆောင်ရွက်ရန် လိုအပ်ပါတယ်။ ထိုသို့ ဆောင်ရွက်ရာတွင် မှတ်ပုံတင်ခနှင့်စစ်ဆေးခများကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့လည်းကောင်း၊ အာမခံကြေးကို မြန်မာ့အာမခံလုပ်ငန်းသို့လည်းကောင်း၊ ဝန်ဆောင်ခကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့လည်းကောင်း ပေးသွင်းရပါတယ်။ ထိုသို့ပေးသွင်းရသော ငွေကြေးများကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတစ်ခုတည်းတွင်သာ ပေးသွင်းရပြီး ၎င်းဌာနက ကျန်ဌာနများသို့ ခွဲဝေပေးသွင်းလျက်ရှိပါတယ်။

ပြည်တွင်းသွား စက်တပ်ရေယာဉ်များ အန္တရာယ်ကင်းရှင်းရေးနှင့်ပတ်သက်၍ ခရီးသည်တင်ရေယာဉ်များ ထွက်ခွာသည့် ဆိပ်ကမ်းတိုင်းတွင် ခရီးသည်နှင့်ကုန်များ သတ်မှတ်သည်ထက် ပိုမိုတင်ဆောင်ခြင်းကို မပြုရန်၊ တားမြစ်ရန် ဆိုင်းဘုတ်များကို အများမြင်သာသည့် နေရာများတွင် စိုက်ထူထားရန် ညွှန်ကြားချက်(၉/၉၀)ကို ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ၇-၁၂-၁၉၉၀ ရက်စွဲပါစာအမှတ်၊ အခရ/ ND-ED/၁၁၆၉ ဖြင့် ထုတ်ပြန်ဆောင်ရွက်လျက်ရှိပါတယ်။

ဥပဒေပြုခြင်းအနေဖြင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ယခင် ပြည်တွင်းရေကြောင်းသွား မီးသင်္ဘောအက်ဥပဒေ (Inland Steam Vessel Act) ကို ပြည်တွင်းရေကြောင်းသွားရေယာဉ်များဥပဒေ (Inland Vessel Law) အဖြစ် ရေးဆွဲပြဋ္ဌာန်းနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပြီး အဆိုပါဥပဒေအရ နည်းဥပဒေများ ရေးဆွဲသည့်အခါတွင် စက်မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များအတွက် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ပြဋ္ဌာန်းပေးသွားမှာ ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြင်းကောင်ရေ ၂၀ ထက်မပိုသော စက်တပ်ရေယာဉ်ငယ်များ၏ ရေယာဉ်မှတ်ပုံတင်သက်တမ်းတိုးခြင်းကို နှစ်စဉ်သက်တမ်းတိုးရန် လိုအပ်လျက်ရှိပါကြောင်းနှင့် ရေယာဉ်များ အနေဖြင့် ယခုထုတ်ပြန်ပြီးသော စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အပြင်

စည်းကမ်းနှင့် မညီညွတ်မှုများကို သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများက အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ရေကြည်မြို့နယ်၊ ကုန်းပြင်ကျေးရွာနှင့် ရွာသစ်ကြီးကျေးရွာသို့ ဆက်သွယ်သော ရေနောက်ဝ (ရွာသစ်ကြီး) သစ်သားတံတားအား ပြန်လည်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးမောင်မောင်တင်၊ ရေကြည်မဲဆန္ဒနယ်ကိုယ်စား ဒေါက်တာစိုးသူရ၊ ကျုံပျော် မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးသူရ(ကျုံပျော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ကျုံပျော်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသူရဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်ကိုယ်စား မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကုန်းပြင်ကျေးရွာနှင့် ရွာသစ်ကြီးကျေးရွာတို့ဆက်သွယ်သော ရေနောက်ဝ(ရွာသစ်ကြီး)တံတားသည် ပေ ၁၀၀ ရှည်သော သစ်သားအမျိုးအစားတံတားဖြစ်ပါတယ်။ ၎င်းရေနောက်ဝတံတားဟာ ကျေးရွာအုပ်စုများဖြစ်ကြတဲ့ သက်ကယ်ကျင်း၊ ရွာသစ်ကြီး၊ မိဿလင်၊ ပန်းပုကွင်း၊ လက်ပံပင်၊ ကုန်းပြင်ကျေးရွာများတွင် နေထိုင်ကြသော အိမ်ထောင်စုပေါင်း ၂၁၅၀၊ လူဦးရေပေါင်း ၁၀၇၀၀ ကျော်တို့ရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစတဲ့ ကိစ္စရပ်များအတွက် အဓိကသုံးစွဲနေရတဲ့ တံတားတစ်စင်းဖြစ်ပါတယ်။ အဆိုပါတံတားဟာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အစိုးရလက်ထက်မှာ တည်ဆောက်ပေးခဲ့တဲ့ ကျေးလက်ဖွံ့ဖြိုးရေးတံတားဖြစ်ပြီး နှစ်ပေါင်း ၂၀ ကျော် ကြာမြင့်နေပြီဖြစ်တဲ့အတွက် ဟောင်းနွမ်းနေတဲ့အပြင် ဒေသခံပြည်သူများအတွက် အန္တရာယ်ကျရောက်နေတဲ့ အနေအထားမျိုးလည်း ရောက်ရှိနေပြီဖြစ်ပါတယ်။ သို့ပါ၍ မေးမြန်းလိုသည်မှာ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကုန်းပြင်ကျေးရွာနှင့် ရွာသစ်ကြီးကျေးရွာသို့ ဆက်သွယ်သော ဟောင်းနွမ်းယိုယွင်းနေသည့် ရေနောက်ဝ (ရွာသစ်ကြီး)တံတားအား အသစ်ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

[ဦးမောင်မောင်တင်၊ ရေကြည်မဲဆန္ဒနယ်ကိုယ်စား ဒေါက်တာစိုးသူရ၊ ကျုံပျော်မဲဆန္ဒနယ်မှ မေးမြန်းပါသည်။]

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ (ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်တင်ရဲ့ ကြယ်ပွင့်ပြ မေးခွန်းနှင့်ပတ်သက်ပြီး တင်ပြဆွေးနွေးမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်တင်မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာနှင့်ပတ်သက်ပြီးတော့ စိတ်ဝင်တစား ကျေးရွာများကို ကွင်းဆင်းပြီးတော့ စစ်ဆေးမေးမြန်းတဲ့အတွက် အထူးပင် ကျေးဇူးတင်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ကုန်းပြင်ကျေးရွာနှင့် ရွာသစ်ကြီးကျေးရွာသို့ ဆက်သွယ်ထားတဲ့ ရေနောက်ဝ (ခေါ်) ရွာသစ်ကြီးတံတားဟာ အလျားအဖြစ် ၉၆ ပေ၊ အနံ ၁၂ ပေနှင့် အမြင့်ပေ ၂၀ ရှိပါတယ်။ အဲဒီသစ်သားတံတားဟာ ကျေးရွာ ၄၆ ရွာ၊ လူဦးရေ ၁၀၇၅၀ ဦးအား အကျိုးပြုတဲ့ လမ်းဖြစ်ကြောင်းလည်းတွေ့ရပါတယ်။ အဆိုပါတံတားကို ပြန်လည်ပြင်ဆင်တည်ဆောက်တဲ့အခါမှာ အလျား ပေ ၁၀၀၊ အနံ ၁၄ ပေ၊ အမြင့်ပေ ၂၀ အတိုင်းအတာ သံကူကွန်ကရစ် သံပေါင် ယက်မ၊ သစ်သားကြမ်းခင်းတည်ဆောက်မယ်ဆိုလို့ရှိရင် ကျပ်ငွေ သိန်း ၆၀ ခန့်ကုန်ကျမည်ဖြစ်ပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းထားတဲ့ ရေကြည်မြို့နယ်အတွင်းမှာရှိတဲ့ ကုန်းပြင်ကျေးရွာနှင့် ရွာသစ်ကြီးကျေးရွာတို့ကို ဆက်သွယ်ထားတဲ့ ရေနောက်ဝခေါ်တဲ့ ရွာသစ်ကြီးတံတားကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာလျာထားပြီး ဖြစ်ပါတယ်။ အတည်ပြုချက်ရလို့ရှိရင် ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်လို့ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ ပြည်သူများ သောက်ရေ၊ သုံးရေ ပြည့်စုံဖူလုံစွာရရှိရေးအတွက် တံခွန်တိုင်ချောင်းအား ပိတ်ဆို့ပြီး ပိုက်များဖြင့် သွယ်တန်း၍ ဆောင်ရွက်ပေးရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးသန်းစိုး၊ သာစည်မဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသန်းစိုး(သာစည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ သာစည်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ ရေရရှိရေးကိစ္စကို မေးမြန်းမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သာစည်မြို့ရဲ့အရှေ့ဘက် ၂၂ မိုင်ခန့်ကွာဝေးသော ယင်းမာပင်ကျေးရွာတွင် သောက်သုံးရေခက်ခဲလျက်ရှိပြီး လွန်ခဲ့သော ၂၅ နှစ်ကျော်က ကျေးရွာအတွင်း ခုနစ်နေရာခန့် အဝီစိတွင်းတူးဖော်ခဲ့သော်လည်း ရေမထွက်ကြောင်း သိရှိရပါတယ်။ အထူးသဖြင့် ဂျာမနီနိုင်ငံမှ တွဲဘက်အထိ စာသင်ကျောင်းအတွင်း ပေ ၁၀၀၀ ကျော်ခန့်တူးဖော်ခဲ့သော်လည်း ရေမထွက်ကြောင်း ထပ်မံသိရှိရပါတယ်။ အဆိုပါကျေးရွာသို့ လွန်ခဲ့သောနှစ်ပေါင်းများစွာက တပ်မ ၉၉ မှ ရေများလာရောက် ပေးဝေခြင်းလည်းကောင်း၊ ကျောက်မီးသွေးစက်ရုံက ရေပူရေအေးလဲလှယ်သည့်ရေတို့ကို တန်းစီပြီး ခွဲဝေသုံးစွဲခဲ့ကြောင်း သိရှိရပါတယ်။ ယခုအခါ အချို့နေရာများမှာ အပေါ်ယံရေတွင်းများရှိသော်လည်း သောက်သုံးရေအဖြစ် သုံးစွဲနိုင်မှုမှာ အနည်းငယ်သာရှိကြောင်း၊ ထို့အတူ တစ်ရွာလုံးအတွက် လုံလောက်မှုမရှိ၍ များစွာအခက်အခဲ တွေ့နေပါတယ်။ ကျေးရွာပြည်သူ ၈၀၀၀ နီးပါးအတွက် သောက်သုံးရေ ဖူလုံစွာရရှိရန် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြုအဖွဲ့ဝင်များနှင့်အတူ ကွင်းဆင်းလေ့လာရာမှာ အဆိုပါကျေးရွာ၏တောင်ဘက် တစ်မိုင်ကျော်ခန့်ကွာဝေးတဲ့နေရာမှာ မိုးရွာလျှင် မိုးရေများ၊ မိုးမရွာလျှင် စိမ့်စမ်းရေထွက်ပြီး စီးဆင်းနေသော တံခွန်တိုင်ချောင်းရှိပြီး ၎င်းချောင်းကနေ သင့်တော်တဲ့နေရာပိတ်ဆို့၍ ၎င်းမှတစ်ဆင့် တမံအထက် တောင်ပေါ်တွင် အုတ်ကန် သို့မဟုတ် ရေစင်တည်ဆောက်၍ ရေများတွန်းတင်ပြီး ယင်းမာပင်ကျေးရွာသို့ ပိုက်ဖြင့်သွယ်တန်းပေးပါက ကျေးရွာနေပြည်သူများအတွက် သောက်သုံးရေဖူလုံမည်ကို သိရှိရပါတယ်။ သို့ပါ၍ ယင်းမာပင်ကျေးရွာပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေးအတွက် ပညာရှင်များနှင့်ညှိနှိုင်းပြီး တံခွန်တိုင်ချောင်းအားပိတ်ဆို့၍ ပိုက်များဖြင့် သွယ်တန်းဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိကို သိရှိလိုပါ၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသောဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးတင်ငွေ ဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မဲဆန္ဒနယ် ဦးသန်းစိုးရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်ပြီး ကျွန်တော် ပြန်လည်ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်အတွင်းမှာ ကျေးရွာအုပ်စုပေါင်း ၈၀ အုပ်စု၊ ကျေးရွာပေါင်း ၂၄၉ ရွာရှိပါတယ်။ သာစည်မြို့နယ်အတွင်းမှာရှိတဲ့ သောက်သုံးရေအခက်အခဲအတွက် လိုအပ်တဲ့ ယင်းမာပင်ကျေးရွာတွင် အိမ်ခြေ ၁၁၆၂ အိမ်၊ လူဦးရေ ၆၁၁၀ ဦးရှိပါတယ်။ ယင်းမာပင်ကျေးရွာမှာ စက်ရေတွင်းတူးဖော်ရန်အခက်အခဲရှိကြောင်းနဲ့ လက်ရှိရေသုံးစွဲမှုမှာလည်း လက်တူးတွင်းများမှတူးဖော်ပြီး ရေသုံးစွဲနေရတဲ့အကြောင်းကို ကွင်းဆင်းစစ်ဆေးချက်များအရသိရှိရပါတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ သာစည်မြို့နယ် ယင်းမာပင်ကျေးရွာ ရေရရှိရေးအတွက် မန္တလေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းတွက်ချက်ခန့်မှန်းတဲ့အခါမှာ ကုန်ကျငွေဟာ အဲ့ဒီမှာ Pump အတွက်၊ မီးလိုင်းအတွက် ၁၃.၉ သန်း၊ ရေရရှိရေးအတွက် ၄၄.၈ သန်း၊ စုစုပေါင်း ၅၈.၇ သန်း ကုန်ကျမှာဖြစ်ပါတယ်။ တင်ပြပါ ယင်းမာပင်ကျေးရွာမှာ ရေရရှိရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေနဲ့ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ရန်ပုံငွေ ၁၅ သန်း လျာထားပြီး တင်ပြထားတာဖြစ်ပါတယ်။ ရေရရှိရေးလုပ်ငန်းအတွက် ထပ်မံလိုအပ်မယ့် ၂၉.၈ သန်းကိုလည်း လာမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ဖြည့်စွက်မှာ တင်ပြတောင်းခံပြီးတော့ ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်ပြီးတော့ ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ကြောင်း လေးစားစွာ ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**တစ်နိုင်ငံလုံးတွင်ရှိသော ကျေးရွာပေါင်း (၆၄၀၀၀) ကျော်မှ ကျေးရွာအတွင်း ကျဉ်းမြောင်းကောက်ကွေ့နေသောလမ်းများအား တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအေးနိုင်၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ်မှ မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးအေးနိုင်(ဆင်ပေါင်ဝဲမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အထူးဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ အားလုံးကို မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ဖြစ်ပါတယ်။ ကျွန်တော်တင်ပြမေးမြန်းသွားမယ့်မေးခွန်းကတော့ တစ်နိုင်ငံလုံးတွင်ရှိသော ကျေးရွာပေါင်း ၆၄၄၀၀ ကျော်အား ခေတ်စနစ်အရ စံချိန်စံညွှန်းနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးဖြစ်လာစေရန် ရည်ရွယ်၍ လိုအပ်မည်ဟုယူဆရသော ကျေးရွာအတွင်းရှိလမ်းများအား နေထိုင်သည့်လူဦးရေ၊ အိမ်ထောင်စု၊ အိမ်ခြေကိုမူတည်၍ ဥပဒေနှင့်အညီ လမ်းမကြီးများ၊ လမ်းသွယ်များနှင့် ကျေးရွာချင်းဆက်လမ်းများအား လိုအပ်သလို ချဲ့ထွင်ဖောက်လုပ်ပေးရန် သက်ဆိုင်ရာမှ မည်ကဲ့သို့ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုသည့်မေးခွန်းဖြစ်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ နိုင်ငံတော် အကြီးအကဲများရဲ့ ကျေးဇူးကြောင့် လွှတ်တော်များ ပေါ်ပေါက်လာပြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်သူများပူးပေါင်း၍ နိုင်ငံတော်ကြီး ကျေးလက်ဒေသပါမကျန် အလျင်အမြန်တိုးတက်နိုင်ရန်အတွက် အရေးပါသော အချက်တစ်ချက်ဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးသည်လည်း အရေးကြီးသော အချက်တစ်ချက်ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကျေးရွာတိုင်း လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် ကျေးရွာတွင်းလမ်းများ ကျဉ်းမြောင်းကောက်ကွေ့နေ၍ နွေအခါ မီးဘေးအန္တရာယ် စိုးရိမ်ရသည့်အပြင် မီးဘေးအန္တရာယ်ကျရောက်ပါက မီးသတ်ကားများ ကျေးရွာအတွင်း ဝင်မရအောင် ကျဉ်းမြောင်းလှပါတယ်။ လမ်းကျဉ်းလျှင် အမြင်ကျဉ်းသည်။ လမ်းကောက်လမ်းကွေ့ ဖြစ်နေလျှင် အမြင်စောင်းသည်။ လမ်းပျက်လမ်းရှုပ်ဖြစ်နေလျှင် အမြင်အာရုံရှုပ်၍ စိတ်ရှုပ်ရပါမည်။ စိတ်ရှုပ်နေလျှင် အကြံကောင်း၊ ဉာဏ်ကောင်းများ ထွက်မလာနိုင်ပါ။ သို့ဖြစ်ပါ၍ ကျဉ်းမြောင်းသော ကျေးရွာလမ်းများအား မြို့ကြီးများနည်းတူ နောင်လျှပ်စစ်မီးများ သွယ်တန်းပါက လိုအပ်သောလမ်း အကျယ်အဝန်းရှိရန် လိုအပ်မည်ဟု ယူဆမိပါသည်။ သို့ပါ၍ ဥပဒေနှင့်အညီ နိုင်ငံတော်အစိုးရမှ အမိန့်၊ ညွှန်ကြားစာများထုတ်ပြန်ဆောင်ရွက်ပေးရန် အစီအစဉ်များ လိုအပ်မည်ဟု ယူဆပါ၍ အောက်ပါ

မေးခွန်းများကို မေးမြန်းအပ်ပါသည်။ မေးခွန်း(၁) ကျေးရွာပေါင်း ၆၄၄၃၀ ကျော်မှ လိုအပ်မည့် ကျေးရွာအတွင်း ကျဉ်းမြောင်းကောက်ကွေ့နေသော လမ်းများအား တိုးချဲ့ဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ။ မေးခွန်း(၂) အစီအစဉ်ရှိပါက မည်သည့်ကာလတွင် ဆောင်ရွက်သွားမည်ကို သိလိုပါ၍ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးတင်ငွေ(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်ကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သနှုတ်ခွန်းဆက်သအပ်ပါတယ်ခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအေးနိုင်ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်ပတ်သက်၍ ကျွန်တော် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ငွေမှပြန်လည်တင်ပြမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးအေးနိုင်မှ ယခုလို ကျေးလက်ဒေသဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီးတော့ စိတ်ဝင်စားစွာဖြင့် ကျေးရွာများကို ကွင်းဆင်း၍ မေးမြန်းသည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒေသဖွံ့ဖြိုးရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဘတ်ဂျက်လျာထားရာ၌ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေး (၅)နှစ်စီမံကိန်းအား အခြေခံ၍လည်းကောင်း၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်များမှတင်ပြသည့် မေးမြန်းချက်များအပေါ် ကတိကဝတ်များကိုလည်းကောင်း၊ အကြီးအကဲခရီးစဉ်လမ်းညွှန်ချက်များ၊ ဒေသလိုအပ်ချက်များ၊ တင်ပြချက်များအရလည်းကောင်း လျာထားခြင်းများဖြစ်သည့်အတွက်ကြောင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများနှင့်အတူ ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်နှင့်တိုင်းဒေသကြီးမှာ လူဦးရေ၊ ကျေးလက်ကျေးရွာ အရေအတွက်၊ ဆင်းရဲမှုနှုန်းတို့ကိုအခြေခံပြီးတော့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် ဒေသဖွံ့ဖြိုးတိုးတက်မှုများကို အချိုးညီစွာ လျာထားဆောင်ရွက်လျက်ရှိပါတယ်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ ပြည်နယ်နှင့်တိုင်းဒေသကြီးများအတွင်းမှာ ရှိတဲ့ မြို့နယ်များအတွင်းမှာ ကျေးရွာချင်းဆက်လမ်းများ၊ မြို့နှင့်ကျေးရွာချင်းဆက်လမ်းများ၊ ကုန်ထုတ်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ အသစ်ဖောက်လုပ်ခြင်း၊ အဆင့်မြှင့်တင်ခြင်းနှင့် ပြုပြင်ခြင်းလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ၂၀၁၃-၂၀၁၄ ယခုဘဏ္ဍာရေးနှစ်မှာ ရန်ပုံငွေစုစုပေါင်း ၉၄.၆၄ ဘီလီယံသုံးစွဲပြီးတော့ ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခု၊ နေပြည်တော်ကောင်စီနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခြောက်ခု တို့မှာ ကတ္တရာလမ်းပေါင်း ၃၂၆ မိုင်နှင့် ၂ ဖာလုံ၊ ကျောက်ချောလမ်း ၇၈၉ မိုင်နှင့် ၇ ဖာလုံ၊ မြေသား လမ်း ၁၃၀၆ မိုင်နှင့် ၆ ဖာလုံ၊ သစ်သားတံတား ၂၇၀၀၀ ပေနဲ့ ရေကျော် ၂၁၀၀၀ ပေနှင့် ရေပြွန် ၁၃၆၈၅ ပေတို့ကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများကြီးကြပ်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်မှ မေးမြန်းတဲ့ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်မှ ကျေးရွာအတွင်း ကျဉ်းမြောင်းကောက်ကွေ့သော လမ်းများတိုးချဲ့ဖောက်လုပ်ရန် အစီအစဉ်ရှိ/ မရှိမေးခွန်းနှင့်စပ်လျဉ်းပြီးတော့ ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှာ ယခုအခါမှာ ကျေးရွာစီမံကိန်း (Village Plan)များအား ရေးဆွဲလျက်ရှိပါတယ်။ အဆိုပါကျေးရွာစီမံကိန်းများအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီများ၊ မြို့နယ်ကျေးရွာဖွံ့ဖြိုးမှု အထောက်အကူပြုကော်မတီများမှ ရေးဆွဲပြီးတော့ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသို့ အဆင့်ဆင့်တင်ပြ အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်ပါတယ်။ ကျေးရွာများမှ လမ်းများချဲ့ခြင်း၊ ပြုပြင်ခြင်းများဆောင်ရွက်တဲ့အခါမှာ အခိုင်အမာ အဆောက်အဦများဆောက်လုပ်ပြီးတဲ့ အဆောက်အအုံများ၊ ဝင်းခြံများ၊ သာသနာရေးဆိုင်ရာအဆောက်အအုံများ၊ ရှေးဟောင်းအမွေအနှစ်များ၊ အိမ်သုံးအများသုံး ရေတွင်းရေကန်များနှင့် သက်ရင့်သီးပင်စားပင်များစသည်တို့ကို ထိခိုက်အငြင်းပွားဖွယ်ရာများ ဖြစ်လာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျေးရွာပေါင်း ၆၄၀၀၀ ကျော်အနက်မှ ရွာတွင်းလမ်းများ ပြုပြင်တိုးချဲ့ရန် လိုအပ်တဲ့ရွာများကို ကျေးရွာနေပြည်သူများရဲ့ဆန္ဒနှင့် အထက်တင်ပြပါ (Village Plan) ရေးဆွဲထားတဲ့ ကျေးရွာစီမံကိန်းများကို ကိုက်ညီမှုရှိအောင် ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် ပြည်နယ်/တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ အစိုးရများမှ စိစစ်အဆိုပြုတင်ပြလာလို့ရှိရင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့်

အင်ဂျင်နီယာပိုင်းဆိုင်ရာ၊ စက်ယန္တရားဆိုင်ရာနှင့် ဘဏ္ဍာရေးဆိုင်ရာလိုအပ်ချက်များကို တွက်ချက်လျာထားပြီးတော့ တင်ပြဆောင်ရွက်သွားမှာဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါမယ်။

**အချိန်၊ ၁၀း၄၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[အစည်းအဝေးကို မိနစ် ၃၀ ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်၊ ၁၁း၃၀။**

**အခမ်းအနားမှူး**။ ။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးစတင်တော့မှာဖြစ်၍ နေရာယူပေးကြပါရန် ပန်ကြားအပ်ပါသည်။ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးကျင်းပတော့မှာဖြစ်၍ နေရာယူပေးကြပါရန် ပန်ကြားအပ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၀၀ နည်းဥပဒေခွဲ(က) အရ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီက အစီရင်ခံစာကို တင်ပြရန်ဖြစ်၍ အစီရင်ခံစာတင်ပြဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးဝင်းစိန်(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ

ကျန်းကျန်းမာမာချမ်းချမ်းသာသာရှိပါစေကြောင်း ဦးစွာဆုတောင်းပါတယ်။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီ ဥက္ကဋ္ဌဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တို့ကော်မတီရဲ့အစီရင်ခံစာကို အပိုင်းနှစ်ပိုင်းနဲ့တင်ပြသွားမှာဖြစ်ပါတယ်။ အပိုင်း(၁) ကတော့ ကျွန်တော်တို့ နဝမပုံမှန်အစည်းအဝေးကို တင်သွင်းတဲ့အစီရင်ခံစာဖြစ်ပါတယ်။ အပိုင်း(၂) ကတော့ ကျွန်တော်တို့ အဋ္ဌမပုံမှန်အစည်းအဝေးကိုတင်ပြတဲ့ အစီရင်ခံစာဖြစ်ပါတယ်။ ကျွန်တော်တို့ အဋ္ဌမပုံမှန်အစည်းအဝေးကို ကျွန်တော်တို့ အစီရင်ခံစာတင်ပြနိုင်ခဲ့ခြင်းမရှိတဲ့အတွက် ကြောင့်မို့လို့ အခုပူးပေါင်းပြီးတော့ တင်ပြရခြင်းဖြစ်ပါတယ်။ ပထမဦးစွာ ကျွန်တော်က နဝမပုံမှန် အစည်းအဝေးကို တင်ပြမယ့်အစီရင်ခံစာကို တင်ပြသွားမှာဖြစ်ပါတယ်။

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၅ ပုဒ်မခွဲ(က)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ ပါပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီကို ဖွဲ့စည်းပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆၊ ၉၈ နှင့် ၁၀၀ တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ကော်မတီ၏လုပ်ပိုင်ခွင့်များအဖြစ် လွှတ်တော်တွင် ပြည်ထောင်စုအစိုးရအဖွဲ့အပါအဝင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များကို ဆွေးနွေးခြင်း၊ အဆိုတင်သွင်းခြင်း၊ စိစစ်ခြင်း၊ ထိရောက်မှန်ကန်စွာဆောင်ရွက်ခြင်းရှိ/မရှိ လိုအပ်သော နေရာဒေသများသို့ သွားရောက်စစ်ဆေးခြင်း၊ လွှတ်တော်သို့ အစီရင်ခံစာတင်ပြခြင်းနှင့်ပတ်သက်ပြီး လုပ်ထုံးလုပ်နည်းများကို ဖော်ပြထားပါသည်။

၂။ သို့ပါ၍ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ မေးမြန်းထားသည့် ကြယ်ပွင့်ပြမေးခွန်းများနှင့် တင်သွင်းခဲ့သည့်အဆိုများ၊ ကြယ်ပွင့်မပြမေးခွန်းများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများမှ ဆောင်ရွက်ထားမှုအခြေအနေများကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန် အစည်းအဝေးသို့ အစီရင်ခံစာပြုစုတင်ပြခြင်းဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ၁-၁၀-၂၀၁၃ မှ ၁၅-၁၁-၂၀၁၃ ရက်နေ့အထိ ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ လွှတ်တော်တွင်း ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများမှ ဆောင်ရွက်ချက်များကို ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးသို့တင်ပြရန်ဖြစ်ပါသည်။

**ကော်မတီ၏လုပ်ဆောင်ချက်**

၄။ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဌာနများ၏ ဖြေကြားချက်များကို အောက်ပါအတိုင်း အပိုင်းနှစ်ပိုင်းဖြင့် ပြုစုတင်ပြထားပါသည်-

(က) အပိုင်း(၁)။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် လွှတ်တော်တွင်းမေးမြန်းခဲ့သည့် ကြယ်ပွင့်ပြမေးခွန်းပေါင်း ၁၄၂ ခုအနက် ကတိဖြစ်ခဲ့သောမေးခွန်း ၅၃ ခု၊ တင်သွင်းခဲ့သောအဆို ၉ ခုအနက် အတည်ပြုအဆို ၁ ခုဖြစ်ပေါ်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများမှ ဖြေကြားချက် အသေးစိတ်ကို နောက်ဆက်တွဲ(က)တွင် ဇယားဖြင့် တင်ပြထားပါသည်။

(ခ) အပိုင်း(၂)။ ပထမအကြိမ် ပြည်သူ့လွှတ်တော် သတ္တမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးခွန်း ၈၁၁ ခုအနက် ကတိဖြစ်ခဲ့သောမေးခွန်း ၂၅၅ ခုနှင့်ပတ်သက်၍ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများမှ စာဖြင့်ဖြေကြားချက်အသေးစိတ်ကို နောက်ဆက်တွဲ(ခ)တွင် ဇယားဖြင့်တင်ပြထားပါသည်။

၅။ ပထမအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးမြန်းခဲ့သည့် မေးခွန်းများ၊ တင်သွင်းခဲ့သည့်အဆိုများ၊ အဋ္ဌမပုံမှန်အစည်းအဝေးတွင် ကြယ်ပွင့်မပြမေးမြန်းခဲ့သည့် မေးခွန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်းဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများမှဖြေကြားချက် ဝန်ကြီးဌာနအလိုက်အသေးစိတ်ကို ပူးတွဲဇယား CD ဖြင့် တင်ပြထားပါတယ်။

## ကော်မတီ၏သုံးသပ်ချက်

၈။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဌာနများမှ ပြည်ထောင်စုဝန်ကြီးများကိုယ်တိုင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ကြီးချုပ်များကိုယ်တိုင် တာဝန်ယူ၊ တာဝန်ခံပြီး စိစစ်ဖြေကြားလျက်ရှိပါတယ်။ ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ကော်မတီ၏ ဆောင်ရွက်ချက်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

## နိဂုံး

၉။ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများအရ ကြယ်ပွင့်ပြ၊ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ အာမခံချက်များ၊ တာဝန်ခံချက်များ၊ ကတိပြုချက်များအပေါ် ဆောင်ရွက်မှုများအား ပြည်သူများနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအား သိသာထင်ရှားပွင့်လင်းမြင်သာစွာသိရှိနိုင်ရေးအတွက် ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးတိုင်းတွင် လွှတ်တော်သို့အစီရင်ခံလျက်ရှိပါကြောင်း တင်ပြအပ်ပါသည်။ တစ်ဆက်တည်းမှာပဲ ကျွန်တော်တို့ ယနေ့အထိ ကျွန်တော်တို့ကော်မတီအနေနဲ့ပေါ့ ပထမပုံမှန်အစည်းအဝေးကနေပြီးတော့ အဌမပုံမှန်အစည်းအဝေးထိ ကြယ်ပွင့်ပြကတိဖြစ်ခဲ့တဲ့မေးခွန်းပေါင်း ၆၁၈ ခုဖြစ်ပေါ်ခဲ့ပါတယ်။ အဲ့ဒီ ၆၁၈ ခုမှာ ကျွန်တော်တို့အစိုးရအဖွဲ့ကနေပြီးတော့ လွှတ်တော်ကို ကျွန်တော်တို့ တစ်လတစ်ကြိမ် သို့မဟုတ် အခါအားလျော်စွာ ကျွန်တော်တို့ ဘယ်လောက်ပြီးပြီဆိုပြီးတော့ သူတို့ အကြောင်းကြားပါတယ်။ အကြောင်းကြားတဲ့ဥစ္စာကို ကျွန်တော်တို့ပြုစုထားတဲ့အခါမှာ ယနေ့အထိက ၃၁၃ ခုပြီးပြီလို့သိရှိရပါတယ်။ ၂၀၅ ခုကျန်တဲ့အနက်က ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာ လုပ်ပေးမှာက ၈၅ ခု၊ နောက် ၂၀၁၅-၂၀၁၆ ရဲ့နောက်ပိုင်းမှာလုပ်ပေးမှာက ၁၂၀ ခုရှိကြောင်း တင်ပြအပ်ပါတယ်။ နောက်တစ်ခါ ပထမပုံမှန်က အဌမပုံမှန်ထိ တင်သွင်းခဲ့တဲ့အဆိုများအနက် အဆိုပေါင်းက ၇၇ ခု အတည်ပြုခဲ့ပြီး အဲ့ဒီအတည်ပြုတဲ့အဆိုထဲမှာ လုပ်ငန်းဆောင်ရွက်ပြီးတာ ၅၅ ခုဖြစ်ပါတယ်။ လုပ်ငန်းလက်ကျန် ၂၂ ခုရှိပါတယ်။ အဲ့ဒီ ၂၂ ခုထဲမှာ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာ လုပ်ပေးမှာဆိုတာတစ်ခုဖြစ်ပါတယ်။ နောက်ကျမှဆောင်ရွက်ပေးမယ့် ၂၀၁၅-၂၀၁၆ နောက်ပိုင်းပေါ့ ဆောင်ရွက်ပေးမယ့်လုပ်ငန်းက ၂၁ ခုကျန်ရှိပါတယ်။ နောက်တတိယပုံမှန်မှ အဌမပုံမှန်အထိ ကြယ်ပွင့်မပြစာဖြင့် မေးခဲ့တဲ့မေးခွန်းပေါင်း

ကတော့ ၁၄၁၁ ခုရှိပါတယ်။ အဲ့ဒီ ၁၄၁၁ ခုမှာ ကတိဖြစ်ခဲ့တာ ၁၄၁၁ ခုလုံးဖြစ်ပါတယ်။ အဲ့ဒီကတိဖြစ်ခဲ့တဲ့ ၁၄၁၁ ခုထဲမှာ လုပ်ငန်းပြီးစီးမှုဟာ အစိုးရအဖွဲ့ရုံးကနေပြီးတော့ အကြောင်းကြားတာ ၃၈၃ ခုဖြစ်ပါတယ်။ ကျန်တဲ့လုပ်ငန်း ၁၀၂၈ ခုကတော့ ကျန်ပါသေးတယ်။ အဲ့ဒီ ၁၀၂၈ ခုထဲမှာ ကျွန်တော်တို့ ၂၀၁၄-၂၀၁၅ မှာလုပ်ပေးမှာက ၄၀၉ ခုပေါ့၊ နောက်တစ်ခါ ၂၀၁၅-၂၀၁၆ နောက်ပိုင်းမှာဆောင်ရွက်ပေးမယ်လို့ ကတိပေးထားတဲ့လုပ်ငန်းဟာ ၆၁၉ ခုရှိပါကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ ဦးဝင်းစိန် ခဏလေးပါ။ ခုနောက်ဆုံး အချုပ်တင်ပြတဲ့ဇယားတွေ ဘယ်မှာပါပါလဲ။ ဒါကြောင့်မို့ အဲ့ဒီဇယားအတိအကျလုပ်ပြီးတော့ ကတိကဝတ်တွေရှိတယ်။ အဲ့ဒါက ဘယ်နှစ်ပိုင်းထဲမှာလုပ်မယ်ဆိုတာလေး ပြန်သုံးသပ်ဖို့ ကျွန်တော်တို့လိုပါလိမ့်မယ်။ သူတို့ ကတိကဝတ်ပြုတုန်းက ဘယ်ကာလမှာ လုပ်မယ်၊ ဘယ်ကာလမှာလုပ်မလဲဆိုတာကို ပါတယ်ဆိုရင်အခု ပြန်လည်ဖြေကြားချက်နဲ့ ကိုက်ညီမှုရှိ/မရှိ ပြန်ကြည့်ဖို့လိုပါတယ်။ ဒါကြောင့် ဒါလေးဆက်လက်ပြီးတော့ တင်ပြပေးစေလိုပါတယ်။

**ဦးဝင်းစိန်(ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီ)။** ။ ကတိပေးထားတာ ကျွန်တော်တို့အားလုံးပေါင်း ဒီကြားထဲမှာ လုပ်ပေးမယ်ဆိုတဲ့လုပ်ငန်းတွေကို အစိုးရအဖွဲ့ကနေ ပြီးပြီဆိုပြီးတော့ တင်ပြတာရှိပါတယ်။ ကျန်တဲ့လုပ်ငန်းတွေက ၂၀၁၄-၂၀၁၅ မှာလုပ်ပေးမယ်ဆိုတဲ့ လုပ်ငန်းတွေကျန်ပါတယ်။ နောက်တစ်ခါ ၂၀၁၅-၂၀၁၆ နောက်ပိုင်းမှာလုပ်ပေးမယ့်လုပ်ငန်းတွေကျန်ပါတယ်။ သူတို့ဆီကနေ အစီရင်ခံစာလာတဲ့အခါမှာ အသေးစိတ်ပါပါတယ်။ အဲ့ဒါကို ကျွန်တော်တို့က ကောက်နုတ်ပြီးတော့ အခု ကျွန်တော် တင်ပြခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒါကြောင့်မို့ ခုနက ကျွန်တော်တို့သိချင်တဲ့အချက်အလက်တွေကို ပြန်ပြုစုပြီးတော့ လွှတ်တော်သို့ပြန်တင်ပြပေးပါ။

**ဦးသန်းမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ)။** ။ အစီရင်ခံစာဒုတိယပိုင်းကို ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ချစ်ခင်လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကျန်းမာချမ်းသာစေကြောင်း ဆုမွန်ကောင်းတောင်းရင်းနဲ့ ဦးစွာပထမနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ဆားလင်းကြီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီရဲ့ အတွင်းရေးမှူး ဦးသန်းမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကော်မတီကိုယ်စား ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ သတ္တမပုံမှန်အစည်းအဝေးအထိ ကြယ်ပွင့်ပြတဲ့ မေးခွန်း၊ တင်သွင်းခဲ့တဲ့အဆိုများနဲ့ ပထမပုံမှန်မှ ဆဋ္ဌမပုံမှန်အထိ ကတိကဝတ်ပြုပြီးတော့ လုပ်ငန်း ဆောင်ရွက်မှုမပြီးပြတ်သေးတဲ့ ကြယ်ပွင့်ပြနဲ့ ကြယ်ပွင့်မပြမေးခွန်းများ၊ အဆိုများနဲ့ပတ်သက်ပြီးတော့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများရဲ့ ဆောင်ရွက်ချက်များကို ဦးစွာတင်ပြသွားမှာဖြစ်ပါတယ်။ အဆိုပါအစီရင်ခံစာကို အဋ္ဌမပုံမှန်အစည်းအဝေးမှာ တင်သွင်းရန်ဖြစ်သော်လည်း အကြောင်းအမျိုး မျိုးကြောင့် တင်ပြနိုင်ခြင်းမရှိ ကြောင်းတင်ပြလိုပါတယ်။ ဒါပေမယ့် ကော်မတီအနေနဲ့ ပေးအပ် ထားတဲ့တာဝန်အရ အစည်းအဝေးတိုင်းမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များမှ တင်ပြချက် များအပေါ် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များမှ အာမခံချက်ပေးခဲ့တဲ့လုပ်ငန်းများအား မှတ်တမ်းတင်ခြင်း၊ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးမှု အခြေအနေများအား လွှတ်တော်သို့ တင်ပြအစီရင်ခံရမည်ဖြစ်သဖြင့် ကွင်းဆက်မပြတ်စေရန်အတွက် ယခုကဲ့သို့ တင်ပြရခြင်းဖြစ်ပါတယ်။ အစီရင်ခံတင်ပြရာမှာ လွှတ်တော်ကိုယ်စားလှယ်များထံ အစီရင်ခံစာများအား ဝေငှပြီးဖြစ်တဲ့အတွက် အချိန်ကိုငဲ့ညှာသောအားဖြင့် အစီရင်ခံစာပါအချက်များအနက် အချို့သောအချက်များကိုသာ ကောက် နုတ်ပြီးတော့ တင်ပြသွားမှာဖြစ်ပါတယ်။ ယခုအစီရင်ခံစာတင်ပြနိုင်ရန်အတွက် ကော်မတီဟာ ပြည်ထောင်စုဝန်ကြီးဌာနများနဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများကို ၁၇-၉-၂၀၁၃ ရက်နေ့မှာ ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီးတော့ ဌာနအလိုက်ကတိကဝတ်ပြုတဲ့လုပ်ငန်းများနဲ့ ပတ်သက်ပြီး တော့ ၂၈-၁၀-၂၀၁၃ နောက်ဆုံးလုပ်ဆောင်ချက်အခြေအနေများကို ယခုအစီရင်ခံစာတွင် တင်ပြ ခြင်းဖြစ်ပါတယ်။ ယခု အစီရင်ခံစာမှာ အောက်ပါအချက်များ ကောက်နုတ်တင်ပြအပ်ပါတယ်။

သတ္တမပုံမှန်အစည်းအဝေးမှာ ကြယ်ပွင့်ပြတဲ့မေးခွန်း ၂၅၁ ခုအနက် ကတိဖြစ်ခဲ့တဲ့မေးခွန်း ၁၂၅ ခု၊ လုပ်ငန်းပြီးစီး ၉ခုနဲ့ ဆောင်ရွက်ဆဲ ၁၁၆ ခုနဲ့ တင်သွင်းတဲ့အဆို ၁ ခုဖြစ်ပါတယ်။ ဆောင်ရွက် ဆဲလုပ်ငန်းအနေနဲ့ ပထမအကြိမ်မှ ဆဋ္ဌမအကြိမ် အစည်းအဝေးထိ ကတိဖြစ်ကြယ်ပွင့်ပြမေးခွန်း ၄၄၀ မှ ဆောင်ရွက်ရန်ကျန်လုပ်ငန်း ၁၃၀ ခုနဲ့ နောင်ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးရန်လုပ်ငန်း ၁၉ ခုဖြစ်ပြီးတော့ ကတိဖြစ်ပြီး ကြယ်ပွင့်မပြ မေးခွန်း ၈၈၄ ခုမှ ဆောင်ရွက်ရန်ကျန်လုပ်ငန်း ၃၇၀ ခုနဲ့ နောင်ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ပေးရန်လုပ်ငန်း ၁၄၃ ခုနဲ့အဆိုပြုအဆို ၇၅ ခုအနက် ဆောင်ရွက်ရန်ကျန်လုပ်ငန်း ၂၀ ခုဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကော်မတီအနေနဲ့ ပြည်သူ့

လွှတ်တော်ကိုယ်စားလှယ်များမှ မေးမြန်းခဲ့တဲ့မေးခွန်းများအနက် ကတိဖြစ်ခဲ့သောမေးခွန်းများ၊ အတည်ပြုခဲ့သောအဆိုများကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ဆောင်ရွက်ပြီးစီးမှုအခြေအနေကိုပေးပို့ရန် ညှိနှိုင်းတောင်းခံတဲ့အတွက် သက်ဆိုင်ရာပြည်ထောင်စု အဆင့်အဖွဲ့အစည်းများရဲ့ လုပ်ဆောင်မှုအခြေအနေ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရမှ ကတိဖြစ်ခဲ့ သောလုပ်ငန်းအပေါ်ဆောင်ရွက်မှုအခြေအနေများ စုစည်းပြီးတော့ အစီရင်ခံစာအဖြစ် လွှတ်တော်တွင် တင်ပြနိုင်ခြင်းဖြစ်ပါတယ်။ ဒီအစီရင်ခံစာပါတဲ့အချက်များနဲ့ မြို့နယ်အလိုက် ကတိပေးခဲ့တဲ့လုပ်ငန်း များနဲ့ အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်မှုအခြေအနေကွဲလွဲမှုရှိလို့ရှိရင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များမှ ဤကော်မတီသို့ပေးပို့ပြီးတော့ ကော်မတီမှစုစည်းပြီး လုပ်ငန်းပြီးပြတ်သည်အထိ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပေး မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ တစ်ဆက်တည်း တင်ပြလိုတဲ့အချက်ကတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များရဲ့ လုပ်ဆောင်ချက် Work Done နဲ့ပတ်သက်လို့လည်း တင်ပြလိုပါတယ်။ လုပ်ငန်းတစ်ခုလုပ်ဆောင်ရာ မှာ Work Done ရလဒ်ဟာ အလွန်အရေးကြီးတဲ့အချက်အနေနဲ့ တင်ပြရခြင်းဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေပုဒ်မ ၇ မှာပြဋ္ဌာန်းထားတဲ့ နိုင်ငံတော်ကစစ်မှန်၍စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီ စနစ်ကျင့်သုံးတဲ့နိုင်ငံဖြစ်ရေးအတွက်လည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ ပုဒ်မခွဲ(က)နဲ့ ပုဒ်မ ၁၂ ပုဒ်မခွဲ(က)ပါ နိုင်ငံတော်ရဲ့ ဥပဒေပြုရေးအာဏာအပ်နှင်းခံရတဲ့ ကျွန်တော်တို့ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ်များပါဝင်တဲ့ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များစုပေါင်းပြီး ဝိုင်းဝန်း ကြိုးစားအားထုတ်မှုရလဒ်အဖြစ် ပထမအကြိမ် ပြည်သူ့လွှတ်တော်ကျင်းပတဲ့ အစည်းအဝေးကနေ ပြီးတော့ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးကျင်းပသည့် ၂၈-၂-၂၀၁၄ ရက် နေ့အထိ ပြည်သူအများစုရဲ့ အကျိုးစီးပွား၊ လိုလားချက်၊ နိုင်ငံတော်မှကျင့်သုံးနေတဲ့မူဝါဒနဲ့ အကျိုး စီးပွားအတွက် ယခင် ပြဋ္ဌာန်းထားတဲ့ဥပဒေများကို လုံးဝရုပ်သိမ်းတဲ့ဥပဒေ ၁၁ ခု၊ ယခင်ပြဋ္ဌာန်းထားတဲ့ ဥပဒေကို အသစ်ပြန်လည်မွမ်းမံရေးဆွဲတဲ့ဥပဒေ ၂၂ ခု၊ တည်ဆဲဥပဒေများကို အသစ်ပြင်ဆင်ရေးဆွဲတဲ့ ဥပဒေ ၃၀ ခု၊ ပထမအကြိမ် ပြည်သူ့လွှတ်တော် ပထမပုံမှန်အစည်းအဝေးမှ နဝမပုံမှန်အစည်းအဝေး မှာ အသစ်ရေးဆွဲခဲ့တဲ့ဥပဒေ ၁၄ ခု၊ ဘတ်ဂျက်၊ ဘဏ္ဍာရေးနှင့်သက်ဆိုင်တဲ့ဥပဒေ ၇ ခု စုစုပေါင်း ဥပဒေ ၈၄ ခုအား ရုပ်သိမ်းပြင်ဆင်အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းနိုင်ရန် ကျွန်တော်တို့ ပြည်သူ့ လွှတ်တော်အပါအဝင် ပြည်ထောင်စုလွှတ်တော်မှာ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း၊ တစ်နည်းအားဖြင့်

လွှတ်တော်အတွင်းမှာ တင်ပြချက်များအပေါ် ဆွေးနွေးချက်များရဲ့ရလဒ်များအဖြစ် တင်ပြလာခြင်း ဖြစ်ပါတယ်။

ဆက်လက်ပြီးတော့ ဤကော်မတီကို ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၉၆၊ ၉၈၊ ၁၀၀ ဖြင့် ပြည်ထောင်စု အဆင့်အဖွဲ့အစည်းများက အခါအားလျော်စွာပေးခဲ့သည့် အာမခံချက်များ၊ ကတိများနှင့် ထိရောက်မှန်ကန်စွာ ဆောင်ရွက်နိုင်ခြင်းရှိ/မရှိ စစ်ဆေးနိုင်ရန်အတွက် လိုအပ်တဲ့အရပ်ဒေသများကို သွားရောက် စစ်ဆေးအစီရင်ခံစာတင်ပြရန် တာဝန်ပေးချက်အရ ဤကော်မတီမှ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ ကတိကဝတ်ပေးထားတဲ့လုပ်ငန်းများနဲ့ပြီးစီးကြောင်း ပြန်ကြားတဲ့လုပ်ငန်း ၃၂ ခုအား ၂၀၁၃ ခုနှစ်၊ စက်တင်ဘာ ၁၉ ရက်မှ ၂၈ ရက်နေ့အထိ အဖွဲ့လေးဖွဲ့ဖြင့် သွားရောက်စစ်ဆေး ခဲ့ပါတယ်။ အဖွဲ့ (၁) ကော်မတီအတွင်းရေးမှူး ဦးသန်းမြင့် ခေါင်းဆောင်တဲ့အဖွဲ့ဟာ ၁၉-၉-၂၀၁၃ ရက်နေ့မှ ၂၇-၉-၂၀၁၃ ရက်နေ့အထိ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းကိုးခု၊ မကွေး တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းနှစ်ခု စုစုပေါင်း ၁၁ ခုစိစစ်ခဲ့ပါတယ်။ အဖွဲ့(၂) ကော်မတီအဖွဲ့ဝင် ဦးသန်းနွယ် ခေါင်းဆောင်တဲ့အဖွဲ့ဟာ ၁၉-၉-၂၀၁၃ မှ ၂၆-၉-၂၀၁၃ အထိ မန္တလေးတိုင်းဒေသကြီး အတွင်းရှိ လုပ်ငန်းလေးခု၊ ရှမ်းပြည်နယ်ရှိလုပ်ငန်းနှစ်ခု စုစုပေါင်း ခြောက်ခု စိစစ်ခဲ့ပါတယ်။ အဖွဲ့ (၃)ကော်မတီဝင် ဦးအောင်စိန် ခေါင်းဆောင်တဲ့အဖွဲ့ဟာ ၁၉-၉-၂၀၁၃ မှ ၂၆-၉-၂၀၁၃ နေ့အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လုပ်ငန်းသုံးခုနှင့် ရခိုင်ပြည်နယ်အတွင်းရှိလုပ်ငန်းနှစ်ခု စုစုပေါင်း လုပ်ငန်းငါးခု စိစစ်ခဲ့ပါတယ်။ အဖွဲ့(၄)ကော်မတီဝင် ဦးဝင်းသန်း ခေါင်းဆောင်တဲ့အဖွဲ့ဟာ ၁၈-၉-၂၀၁၃ မှ ၂၈-၉-၂၀၁၃ နေ့အထိ ပဲခူးတိုင်းဒေသကြီးမှ လုပ်ငန်းလေးခု၊ မွန်ပြည်နယ်မှ လုပ်ငန်း နှစ်ခု၊ ဧရာဝတီတိုင်းဒေသကြီးမှ လုပ်ငန်းလေးခု စုစုပေါင်း ၁၀ ခု စိစစ်ခဲ့ပါတယ်။ ကော်မတီဥက္ကဋ္ဌဟာ အဖွဲ့(၂)နှင့်အတူလိုက်ပါပြီး လုပ်ငန်းအားလုံး ကြီးကြပ်ကွပ်ကဲခဲ့ပါတယ်။ လုပ်ငန်းများရဲ့အဖွဲ့အလိုက် စိစစ်မှုအပေါ် အောက်ပါအတိုင်း တွေ့ရှိသုံးသပ်တင်ပြအပ်ပါတယ်-

အဖွဲ့(၁)အနေနဲ့ သက်ဆိုင်ရာလုပ်ငန်းများ စိစစ်တဲ့အခါမှာ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ညွှန်ကြားချက်အရ တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများရဲ့ ပူးပေါင်းကူညီ မှုကြောင့် လုပ်ငန်းအားလုံးနီးပါးဆောင်ရွက်ပြီးစီးကြောင်း တွေ့ရှိရပါတယ်။ သို့ရာတွင် ကျေးလက် ဒေသခံလူနည်းစုဟာ ကျန်းမာရေးအသိ၊ ပညာရေးအသိ၊ လူမှုရေးအသိ၊ နိုင်ငံသားတိုင်း တည်ဆဲ ဥပဒေများနှင့်အညီ လိုက်နာရန်အသိ အားနည်းနေတဲ့အတွက် မိမိတို့တစ်ဦးချင်းစီရဲ့လိုလားချက် ဆန္ဒ များကို ရှေ့တန်းတင်အလေးထား တောင်းဆိုမှုများတွေ့ရှိရပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်

စီမံကိန်းအဆင့်ဆင့်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေတဲ့ ဝန်ကြီးဌာနများမှ ပညာရှင်များ၊ ကျွမ်းကျင်ဝန်ထမ်းများ၏ဆောင်ရွက်ချက်အပေါ် အမြင်မတူအထင်လွဲမှားပြီး ဝိဝါဒကွဲလွဲမှုရှိကြောင်း တွေ့ရှိရပါတယ်။ စိစစ်တဲ့လုပ်ငန်းအချို့ဟာ သက်ဆိုင်ရာဝန်ကြီးဌာန ပြည်ထောင်စုအစိုးရအဖွဲ့မှ ဘဏ္ဍာငွေခွဲဝေပေးမှုအပေါ် ဆောင်ရွက်ရခြင်း၊ အချို့လုပ်ငန်းများဆောင်ရွက်လျှင် သတ်မှတ်အရည်အသွေးရရန် အချိန်စောင့်ဆိုင်းရခြင်းအပေါ် ဒေသခံလူနည်းစုမှ လုပ်ငန်းရဲ့သဘောသဘာဝ သိရှိခြင်းမရှိဘဲ သတ်မှတ်စည်းကမ်းကိုချိုးဖောက် အသုံးပြုကြခြင်းကြောင့် လုပ်ငန်းများရဲ့ခိုင်မာမှု အရည်အသွေးကျဆင်းတဲ့အပြင် အချို့သက်တမ်းမပြည့်မီ ပြန်လည်ပျက်စီးမှုများတွေ့ရသဖြင့် အဆိုပါ ဒေသခံများအား လုပ်ငန်းနဲ့ပတ်သက်၍ နားလည်သဘောပေါက်သည်အထိ ညှိနှိုင်းခြင်း၊ ပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်ကြောင်းတွေ့ရှိရပါတယ်။

အဖွဲ့(၂)အနေနဲ့ မန္တလေးစက်မှုဇုန်မှာရှိတဲ့ အရက်ချက်စက်ရုံအပါအဝင် စက်ရုံပေါင်းစုံကနေပြီးတော့ နေ့စဉ်ရေဆိုးဂါလန်နှစ်သိန်းကျော်ကို မန္တလေးမြို့တော်ရဲ့ ရေဆိုးပိုက်ကနေ ၁၀ လက်မပိုက်နဲ့ ရေဆိုးစွန့်ပစ်ပိုက်နဲ့ မြစ်ငယ်၊ ထုံးဖိုလမ်းအကျော်မှတစ်ဆင့်စွန့်ပစ်ဖို့ တူးမြောင်းတစ်လျှောက် အနံ့ဆိုးများ ထွက်ရှိမှုကိုတွေ့ရသဖြင့် စက်မှုဇုန်မှစွန့်ပစ်သည့် အရည်၊ အခဲ၊ အငွေ့များကြောင့် သဘာဝပတ်ဝန်းကျင်မပျက်စီးစေရန် ပတ်ဝန်းကျင်တွင် နေထိုင်သည့် ဒေသခံလူမှုဘဝမထိခိုက်စေရန် စွန့်ပစ်ပစ္စည်းများ သန့်စင်ပြီးမှစွန့်ထုတ်ရန်အတွက်ဆောင်ရွက်မှုဟာ တာဝန်ရှိသည့် အဖွဲ့အစည်းအဆင့်ဆင့်မှ အစဉ်တစိုက် ကြပ်ကြပ်မတ်မတ်ဆောင်ရွက်သင့်ကြောင်း သုံးသပ်တင်ပြပါတယ်။

အဖွဲ့(၃)အနေနဲ့ စိစစ်တဲ့ လုပ်ငန်းမှာ ရန်ကုန်တစ်ဖက်ကမ်း ဆိပ်ကမ်းဝင်းအတွင်းမှာ ပေ ၇၀၊ ၉၀ အရွယ်ရှိ ဂိုထောင်အောက် သွပ်မိုးသွပ်ကာအဆောက်အအုံဟာ ပြင်ဆင်မွမ်းမံပြီးဝန်ထမ်းတွေကို အိမ်ရာဖြင့်ချထားပေးသော်လည်း ဝန်ထမ်းများရဲ့ကျန်းမာရေး၊ လူမှုရေးအရ ရေရှည်နေရန် သင့်တော်မှုမရှိကြောင်း တွေ့ရှိရသဖြင့် တာဝန်ရှိတဲ့အဖွဲ့အစည်းအသီးသီးက ပြန်လည်စိစစ်၍ ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

အဖွဲ့(၄)အနေနဲ့ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ် ပြည်သူ့ဆေးရုံသို့ လက်ထောက်ဆရာဝန်တစ်ဦး ဖြည့်တင်းပေးရန် ၂၉-၁၁-၂၀၁၂ ရက်စွဲဖြင့်မေးမြန်းခဲ့တဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ကြီးဌာနက ၅-၄-၂၀၁၃ ရက်စွဲဖြင့် လက်ထောက်ဆရာဝန်တစ်ဦး ခန့်ထားပြီးဖြစ်ကြောင်း ပြန်ကြားသော်လည်း သက်ဆိုင်ရာဆေးရုံသို့ သွားရောက်သတင်းပို့ခြင်းမရှိမှုအပေါ် တာဝန်ရှိသူအဆင့်ဆင့်မှ စနစ်တကျကွပ်ကဲဆောင်ရွက်သင့်ကြောင်း သုံးသပ်တင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေနဲ့ ပြည်ထောင်စုအဆင့်ဝန်ကြီးဌာနများမှ ကတိပြုခဲ့သောလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်တဲ့အခါမှာ သက်ဆိုင်ရာဒေသခံများမှ လုပ်ငန်းဆောင်ရွက်မှုအပေါ် ထိခိုက်လာသည့် လုပ်ငန်းများဆောင်ရွက်လာပါက ဒေသခံအုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်းပညာပေးခြင်း၊ ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့အဆင့်ဆင့်မှ အမျိုးသားစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအပေါ် ပြည်သူများ နားလည်သဘောပေါက်သည်အထိ သိသာထင်ရှားစွာ သိရှိရန်ဆောင်ရွက်ပေးခြင်း၊ မီဒီယာအဖွဲ့အစည်းများမှလည်း ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၁ ပုဒ်မခွဲ(က)နှင့် တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းအချင်းချင်း ထိန်းညှိဆောင်ရွက်နိုင်မှုအပေါ် ပြည်သူများ ပွင့်လင်းထင်ရှားစွာ သိမြင်နိုင်ရန် အပြုသဘောကိုအခြေခံပြီး ပြည်သူများအား အသိပညာပေးခြင်း၊ နိုင်ငံတော်၏လက်ရှိ အခြေအနေမှန်ကို ပြည်သူများသိရှိ၍ ပြည်သူလူထုပူးပေါင်းလာစေရန် စာနယ်ဇင်းအပါအဝင် ရုပ်သံလိုင်းများမှ တစ်ဆင့် အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ထုတ်လွှင့်ပေးနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၇-၃-၂၀၁၄ ရက်နေ့ နောက်ဆုံးထားပြီး အမည်စာရင်းပေးကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၉ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၇-၂-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊

ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးကြေညာပါတယ်။

## အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ပေးပို့လာသော လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့်အတည်ပြု၍ ပေးပို့လာသော လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေကြမ်းကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂၇-၂-၂၀၁၄ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၉၈ အရ ယင်းဥပဒေကြမ်း၏မိတ္တူများကို ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းနိုင်ရန်နှင့် ကိုယ်စားလှယ်များလေ့လာနိုင်ရန် ဖြန့်ဝေထားကြောင်း အသိပေးကြေညာပါတယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၁)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၁)ရက်မြောက်နေ့ကို မနက်ဖြန် ၂၀၁၄ ခုနှစ်၊ မတ်လ ၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနဲ့ ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၂း၀၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးပြန်လည်ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ၁၂း၀၀ နာရီအချိန်တွင် ရပ်နားပါသည်။]